# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

February 6 , 2024 Volume 75, Number 4

၆.၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၃၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၅၀၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၈.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၁.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၇.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၅.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၉၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၈၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၁၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၀.၉၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၈၄၈ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပြည်ဘိုကိတ်ပဲသစ် လက်လီ/လက်ကား ရောင်းဝယ်မှုဖြစ်နေ



ပြည်ပဲဈေးကွက်မှာ ဆောင်းပဲသီးနှံ တစ်မျိုးဖြစ်သည့် ဘိုကိတ်ပဲသီးနှံကလည်း နေ့စဉ်ဝင်ရောက်လျက်ရှိသည်ကို တွေ့ရသည်။ ပြည်အနီး တစ်ဝိုက်ဒေသများမှ ဝင်ရောက်ကြပြီး လက်လီလက်ကား ရောင်း ဝယ်မှုဖြစ်သည်ဟု သိရသည်။

ပဲအဝင် နေ့စဉ်အိတ် ၅၀ ကျော် ၁၀၀ အဝင်ရှိသလို လက်လီအပြင် လက်ကားသမားများလည် ဝယ်ယူကြသည့်အတွက် အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ဈေးနှုန်းအနေဖြင့် ယခင်နှစ်ဆန်းပိုင်းတွင် ပဲတစ်တင်း ၄၁,၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ယခုနှစ် ပဲတစ်တင်း ၇၆,၀၀၀ ကျပ်မှ ၇၇,၀၀၀ ကျပ်အထိ ဈေးရခဲ့တာကြောင့် ယခင်နှစ်ဈေးထက် ဈေးပိုရသလို ပဲလွမ်းဖြူသီးနှံသည်လည်း ဈေးပိုနေခဲ့သည်ကို တွေ့ရသည်။

ဘိုကိတ်ပဲသီးနှံသည် ပဲသစ်အဝင်များချိန်လောက်သာ ဈေးကွက်အတွင်း လက်လီလက်ကားရောင်းဝယ်နေမှုများသော်လည်း ကျန်ကာလများတွင် လှောင်ပဲများဖြင့်သာ လက်လီပုံမှန်အဝယ်ရှိခဲ့သည့် ပဲသီးနှံဖြစ်ကြောင်း သိရသည်။

Source: https://www.doca.gov.mm

## စဥ့်ကိုင်မြို့၌ အရောင်းအဝယ်သွက်နေသော ခရမ်းသီးဈေးကွက်



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ကျောက်ဆည်မြို့နယ်အတွင်းရှိ ပုန်းညက်ကျေးရွာ၊ အင်ရောင်းကျေးရွာနှင့် မင်းစု

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၁၂
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ကျေးရွာများတွင် စားဖိုဆောင် သီးနှံတစ်မျိုးဖြစ်သော ခရမ်းသီးကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

စိုက်ပျိုးရာတွင် မျိုးစေ့ကိုပျိုးထောင်ပြီး တစ်လခွဲသားအရွယ်တွင် စိုက်ပျိုးရသည်။ မျိုးအနေဖြင့် ခရမ်းသီးအလုံးသေးမျိုး (မြွေပ်ခရမ်း)နှင့် အလုံးကြီးမျိုး (555) မျိုးများကို နေရာဒေသအလိုက် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီး နှစ်လခွဲ၊ သုံးလအကြာတွင် ခရမ်းသီးများကို စတင်ခူးဆွတ်နိုင်ပြီး ၄ ရက်ခြားတစ်ကြိမ် ခူးဆွတ်ရကြောင်း၊ စတင်ခူးဆွတ်သည်မှ စတင်၍ တစ်ပတ်ထက် တစ်ပတ် အထွက်နှုန်းပိုမိုလာကြောင်း၊ တစ်ဧက အထွက်နှုန်းအနေဖြင့် တစ်ပတ်လျှင် အလုံးသေးမျိုး (မြွေပ်ခရမ်း) မှာ ၃၀၀- ၄၀၀ ပိဿာခန့်နှင့် အလုံးကြီးမျိုး (555) မှာ ၅၀၀-၆၀၀ ပိဿာခန့်အထိ ထွက်ရှိပြီး အနည်းဆုံး ၄ လကျော်အထိ ခူးဆွတ်နိုင်ကြောင်း၊ တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ၈,၀၀,၀၀၀ ကျပ်ခန့်ကုန်ကျကြောင်း၊ လက်ကား ဈေးနှုန်းအနေဖြင့် ခရမ်းသီးအလုံးသေး (မြွေပ်ခရမ်း) တစ်ပိဿာလျှင် ၅၀၀ ကျပ်ဖြင့်လည်းကောင်း၊ အလုံးကြီးမျိုး (555) အား တစ်ပိဿာလျှင် ၄၀၀ ကျပ်ဖြင့်လည်းကောင်း စစ်ကိုင်းမြို့ပေါ်ရှိ ပွဲစားများက ခရမ်းသီးစိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ရန်ကုန်၊ မော်လမြိုင်နှင့်ညောင်တုန်းမြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ ခရမ်းသီးအလုံးကြီးမျိုးမှာ အရောင်းအဝယ်အေး၍ အလုံးသေးမျိုး(မြွေပ်ခရမ်း)မှာ အရောင်းအဝယ်သွက်လျက်ရှိကြောင်း ခရမ်းသီးစိုက်ပျိုးသည့် တောင်သူတစ်ဦးထံမှ သိရှိရသည်။

**Source: DOCA (မန္တလေး)**

**Source: https://commerce.gov.mm**

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၂၉-၁-၂၀၂၄ မှ ၂-၂-၂၀၂၄) အတွင်း ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃၁,၇၁,၅၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃၄,၆၁,၅၀၀ နှင့် ပဲစင်းငုံ Red/RC(2024 Crop) ကျပ် ၃၇,၉၇,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲFAQ/ RC(2024Crop) ကျပ် ၂,၃၀,၅၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၂,၃၀,၅၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၁၄၃၀၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) နှင့် ပဲစင်းငုံ Red/RC(2024 Crop) ကွန်တိန်နာ ၄၅ လုံး (တန်ချိန် ၁၀၈၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၅၅လုံး (တန်ချိန် ၁၃၂၀) နှင့် ပဲစင်းငုံ Red/RC(2024 Crop) ကွန်တိန်နာ ၁၁၅ လုံး (တန်ချိန် ၂၇၆၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၅၀ လုံး (တန်ချိန် ၁၂၀၀) နှင့် ပဲစင်းငုံ Red/RC (2024 Crop) ကွန်တိန်နာ ၇၀လုံး(တန်ချိန် ၁၆၈၀) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲငရုတ်(သစ်) AC ကျပ် ၁၂,၅၀၀၊ မြားနီ ကျပ် ၁၂,၅၀၀၊ ရှမ်းငရုတ်ရှည် ကျပ် ၉၅၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၆,၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၆,၀၀၀ ဈေး အသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မြားနီ ကျပ် ၁၅၀ ဈေးကျဆင်းခဲ့ပြီး ဆင်ဖြူကျွန်း (ပု) ကျပ် ၅၀၀ ဈေးမြင့် တက်ခဲ့သည်။ ကျန်ငရုတ်သီးမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၂၄၀၀( ၄၈,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၅၀၀ (၇၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၃၉၀၀(၇၈,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၄၅၀ ( ၆၇၅၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၁၅၀၀(၃၀,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ပြီး ငရုတ်ပု အိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၄၀၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂၉၀၀၊ မန်ကျည်းသီး ရမည်းသင်း ဒါးဇင်း ကျပ် ၃၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီး ရမည်းသင်း ဒါးဇင်း ကျပ် ၁၀၀ ဈေးကျဆင်းခဲ့ကြောင်း သိရသည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၄၇၅၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၅၀၀၀၊ ပခုက္ကူကြမ်း ကျပ် ၅၀၀၀၊ ရေစကြို ထန်းလျက်(ချော)ကျပ် ၅၉၀၀၊ ကြံသကာ(စစ်) ကျပ် ၄၀၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၉၃၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ပခုက္ကူကြမ်း ကျပ် ၂၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးများငြိမ်လျက်ရှိသည်။

**SWT (Domestic (Ygn) MITC**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၉-၁-၂၀၂၄ မှ ၂-၂-၂၀၂၄ ) အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီနှင့်ကြက်သွန်ဖြူ ဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြစ်သားမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၃၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၂၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၇၀၀ ၊ ဆိပ်ဖြူ လတ်ချော ကျပ် ၁၂၀၀၊ မြစ်သားသစ်ရှယ် ကျပ် ၃၀၀၀၊ မြစ်သားလတ်ကြီး ကျပ် ၂၇၀၀၊ မြစ်သားလတ်သန့် ကျပ် ၂၆၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၂၁၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၃၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၃၀၀၊ ဆိပ်ဖြူ လတ်ချော ကျပ် ၃၀၀၊ မြစ်သားရှယ် ကျပ် ၃၀၀၊ မြစ်သားလတ်ကြီး ကျပ် ၁၀၀ ၊ မြစ်သားလတ်သန့် ကျပ် ၁၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၁၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၇၅ စီး(၁၀,၅၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၆၅ စီး (၉,၉၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁၀ စီး(၆၀,၀၀၀ ပိဿာ)လျော့နည်းဝင် ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၉၃၀၀၊ အောင်ပန်းထူး-၂ ကျပ် ၁၄၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၅၂၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၅၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၆၀၀၀ အသီးသီးဈေး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၁၀၀ ဈေးကျဆင်းခဲ့ပြီး အောင်ပန်းထူး-၂ ကျပ် ၁၃၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၂၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၀၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ အိတ် ၃၇၀၀ (၁,၁၁,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၅၅၀၀ (၁,၆၅,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၁၈၀၀ (၅၄,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရုရှားက အီကွေဒေါနိုင်ငံရှိ လုပ်ငန်း(၅) ခုမှ ငှက်ပျောသီးများတင်ပို့မှုကို ရပ်ဆိုင်းရန်တောင်းဆို

ရုရှားနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂ(EAEU)နိုင်ငံများအတွက် အန္တရာယ်ရှိသော Megaselia scalaris(Loew) ပိုးမွှားများ တွေ့ရှိမှုကြောင့် ဖေဖော်ဝါရီလ ၅ ရက်မှစတင်၍ အီကွေဒေါနိုင်ငံရှိ ငှက်ပျောသီးတင်ပို့သည့် လုပ်ငန်း (၅)ခုအား ငှက်ပျောသီး တင်ပို့မှုကိုရပ်ဆိုင်းထားရန် အီကွေဒေါကို တောင်းဆိုထားကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာန၊ တိရစ္ဆာန်နှင့် အပင်ပိုးမွှား ရောဂါကင်းရှင်းရေးကြီးကြပ်ကွပ်ကဲမှု ဖက်ဒရယ်အစိုးရဌာန (Rosselkhoznadzor)၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

အဆိုပါဌာနသည် အီကွေဒေါနိုင်ငံ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး Mr. Franklin Danilo Palacios Marquez ထံသို့ စာပေးပို့ခဲ့ပြီး ငှက်ပျောသီးတင်ပို့သည့် လုပ်ငန်း(၅)ခုအား ဖေဖော်ဝါရီလ ၅ ရက်မှစ၍ အသိအမှတ်ပြုလက်မှတ်ကို ရပ်ဆိုင်း ထားရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။ သတ်မှတ်စံချိန်စံညွှန်းများအား လိုက်နာရန် ပျက်ကွက်ခဲ့သော ငှက်ပျောသီး တင်ပို့သည့် လုပ်ငန်း(၅)ခုမှာ-Agzulasa Cia, Don Carlos Fruit S.A., Agroaereo Fruit Export S.A., Asociacion de Produccion

Agropecuaria de el oro Asoproagroro, Comercializadora de Banano တို့ဖြစ်သည်။

အသိအမှတ်ပြုလက်မှတ်ကိုဆိုင်းငံ့ခြင်းသည် အီကွေဒေါနိုင်ငံ၏လုပ်ပိုင်ခွင့်ဖြစ်ပြီး အသိအမှတ်ပြုလက်မှတ်မရှိလျှင် အီကွေဒေါတင်ပို့သူများသည် ၎င်း၏ကုန်ပစ္စည်းများကို တင်ပို့နိုင်မည်မဟုတ်ကြောင်း၊ အီကွေဒေါနိုင်ငံဘက်က ထိရောက်သော အရေးယူဆောင်ရွက်မှုများမပြုလုပ်ဘဲ ဆက်လက်၍ ငှက်ပျောသီးများတွင် အဆိုပါပိုးမွှားများကို ထပ်မံရှာဖွေတွေ့ရှိခဲ့ပါက Rosselkhoznadzor သည် နောက်တစ်ဆင့်တွင် တင်းကျပ်သောအစီအမံများကို ထပ်မံကန့်သတ်ချမှတ်ရန် လိုအပ်လာမည်ဖြစ်ကြောင်း Rosselkhoznadzor ဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရုရှားစတိုးဆိုင်များတွင် ရောင်းချသည့် ငှက်ပျောသီးအများစုသည် အီကွေဒေါနိုင်ငံမှ တင်သွင်းသော သစ်သီးများဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံသည် အီကွေဒေါနိုင်ငံမှ ငှက်ပျောသီးတန်ချိန် ၁ ဒသမ ၃ သန်း ဝယ်ယူတင်သွင်းခဲ့သည်။ ၎င်းပမာဏသည် ရုရှားလူမျိုးများစားသုံးသော ငှက်ပျောသီးစုစုပေါင်း၏ ၉၇ ရာခိုင်နှုန်းခန့်ရှိသည်။

Megaselia scalaris(Loew)ပိုးမွှားသည် နေရာအနှံ့တွင်ရှိသော အဖျက်ပိုးကောင်ဖြစ်ပြီး ပိတ်ထားသောနေရာများ၊ အထူးသဖြင့် သယ်ယူပို့ဆောင်ရေးကွန်တိန်နာများတွင် မျိုးပွားမှုနှုန်းမြင့်မားသော ပိုးမွှားအမျိုးအစားတစ်မျိုးဖြစ်သည်။ ရေရှည်သိုလှောင်ထားသော အစားအစာများ၊ အထူးသဖြင့် ဂျုံမှုန့်၊ ပဲပိစပ်၊ အာလူး၊ ငှက်ပျောသီး၊ ဖရဲသီး၊ ဒိန်ခဲ၊ ငါးခြောက်၊ မှို၊ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံ အများအပြားကို ကူးစက်ညစ်ညမ်းစေပါသည်။ အဆိုပါပိုးမွှားသည် ကာလဝမ်းရောဂါ သယ်ဆောင်သူဖြစ်သည်။

ရုရှားနိုင်ငံသို့ လတ်ဆတ်သစ်သီးဝလံများတင်ပို့မည်ဆိုလျှင် EAEU ချမှတ်ထားသည့် ယူရေးရှားအကောက်ခွန်သမဂ္ဂ(Eurasian Customs Union)၏ နည်းပညာဆိုင်ရာ လုပ်ထုံးလုပ်နည်းဖြစ်သည့် TR CU 021/2011 "On safety food products" အစားအသောက်ဘေးကင်းလုံခြုံရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်သည်။

ရုရှားနိုင်ငံသည် ဥရောပသမဂ္ဂ(EU)၏ သစ်သီးဝလံထုတ်ကုန်များတင်သွင်းခွင့်အား ပိတ်ဆို့အရေးယူထားသည့်အပြင် အနောက်နိုင်ငံများမှ ရုရှားနိုင်ငံအား ကဏ္ဍအလိုက်ပိတ်ဆို့အရေးယူမှုများကြောင့် ၎င်းနိုင်ငံအတွက် လိုအပ်သောသစ်သီးဝလံများအား အာရှနိုင်ငံများအပါအဝင် အခြားနိုင်ငံများမှ ပိုမိုတင်သွင်းလျက်ရှိသဖြင့် မြန်မာနိုင်ငံ၌ စိုက်ပျိုးထွက်ရှိသည့် သစ်သီးဝလံများသည် ရုရှားနိုင်ငံသို့ တင်ပို့နိုင်မည့် အလားအလာကောင်းများရှိနေပါကြောင်း သုံးသပ်တွေ့ရှိရသည်။

**Source : https://www.interfax.ru/russia/944310**

**(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

## ဆန်အရောင်းအဝယ်ပြုလုပ်နိုင်သည့် အခြားဈေးကွက်တစ်ခုအဖြစ် B2B ပလက်ဖောင်းအား ဖိလစ်ပိုင် စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် ကုန်သွယ်/စက်မှုတို့မှ ပူးပေါင်းအကောင်အထည်ဖော်

ဖိလစ်ပိုင် စိုက်ပျိုးရေးဝန်ကြီးဌာနသည် တောင်သူများ၏ ဝင်ငွေမြင့်မားလာစေရန်နှင့် စိုက်ပျိုးရေးကဏ္ဍအား ခေတ်မီစေရန် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ဆန်အရောင်းအဝယ်အား ဒီဂျစ်တယ်ပလက်ဖောင်းမှ တစ်ဆင့်ပြုလုပ်နိုင်သည့် E-market အား အကောင်အထည်ဖော်ခဲ့သည်။ ပြည်တွင်း ဆန်ရိက္ခာဖူလုံမှုရှိစေရန်နှင့် အခြားရွေးချယ်ပြီး အရောင်း/အဝယ်ပြုလုပ်နိုင်သည့် ဈေးကွက်တစ်ခုအနေဖြင့် E-market ဆောင်ရွက်ရန် ဖိလစ်ပိုင် စိုက်ပျိုးရေးဝန်ကြီးဌာနသည် ဖိလစ်ပိုင်ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ ဆည်မြောင်းစီမံခန့်ခွဲမှုဆိုင်ရာ အာဏာပိုင်အဖွဲ့တို့နှင့် ၁-၂-၂၀၂၄ ရက်နေ့က နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါနားလည်မှုစာချွန်လွှာသည် စိုက်ပျိုးရေးဝန်ကြီးဌာန၏ Rice Supply Chain Development Program ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဆန်ရောင်းသူနှင့် ဝယ်သူများကြား အခြားဈေးကွက်တစ်ခုမှ ရောင်း/ဝယ်ပြုလုပ်သွားနိုင်သည့် B2B ဈေးကွက်တစ်ခုအား ဖန်တီးပေးသည့် အစီအစဉ်အသစ်တစ်ခုဖြစ်ပါကြောင်း၊ အဆိုပါ အစီအစဉ်သည် စိုက်ပျိုးရေးကဏ္ဍအတွက် ခေတ်မီရေး မဟာဗျူဟာ “Modernization Strategy” တစ်ခုဖြစ်ပြီး ပြည်တွင်း စားနပ်ရိက္ခာဖူလုံစေရေးနှင့်စိုက်ပျိုးရေး ထုတ်ကုန်ပစ္စည်းများတင်သွင်းမှုကို လျှော့ချနိုင်မည့် နည်းလမ်းတစ်ခုဖြစ်ပါကြောင်း ဖော်ပြထားသည်။

အယ်နီညိုသက်ရောက်မှုနှင့် ကာလရှည်မိုးခေါင်ခြင်းတို့ကြောင့် ကောက်ပဲသီးနှံထွက်ရှိမှုနှုန်းများ သိသိသာသာ ကျဆင်းသွားနိုင်ကြောင်းကို သတိပေးခန့်မှန်းထားရှိခြင်းများလည်းရှိပါကြောင်း၊ ဖိလစ်ပိုင် စာရင်းအင်းအာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ်၊ စပါးထွက်ရှိမှုမှာ မက်ထရစ်တန် ၂၀ ဒသမ ၀၆ သန်းဖြင့် စပါးထုတ်လုပ်မှုတန်ချိန် မက်ထရစ်တန် ၁၃ ဒသမ ၂ သန်းထိ စံချိန်တင်မြင့်တက်ခဲ့ပါကြောင်း၊ ထို့အတွက် ဆန်တင်သွင်းမှုမှာ ၂၀၂၂ ခုနှစ်တွင် မက်ထရစ် တန်ချိန် ၃ ဒသမ ၈ သန်းမှ ၃ ဒသမ ၅ သန်းထိ လျော့နည်းခဲ့ပါကြောင်း၊ ထို့ပြင်အကောက်ခွန်ဌာနမှ ဆန်တင်သွင်းမှုအပေါ်တွင် တန်ဖိုးလျှော့ တွက်ချက်မှုကြောင့် ၂၀၂၃ ခုနှစ်၊ အစိုးရ၏အခွန်ရရှိငွေ ပီဆို ၇ ဒသမ ၂ ဘီလီယံခန့် ဆုံးရှုံးခဲ့ကြောင်း ဆန်တောင်သူများမှ ထောက်ပြပြောကြားခဲ့ကြောင်း ဖော်ပြပါရှိသည်။

ဖိလစ်ပိုင်ကုန်သွယ်/စက်မှုဝန်ကြီးဌာနသည် အဆိုပါအစီအစဉ်အား United States Agency for International Development နှင့် ပူးပေါင်းဆောင်ရွက်ခြင်း အဆိုပါ B2B ပလက်ဖောင်းအား အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းမှာ တောင်သူလယ်သမားအုပ်စုများ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့များ၊ အသင်းအဖွဲ့ဖြင့် ဝယ်ယူသူများကြား ပိုမိုထိရောက်ကောင်းမွန်သည့် အရောင်း/အဝယ်များ ပြုလုပ်သွားနိုင်ရန်ဖြစ်ကြောင်း၊ ဒီဂျစ်တယ်ဈေးကွက်အား အသုံးပြုခြင်းအားဖြင့် ကုန်သွယ်မှု ပိုမိုထိရောက်မြန်ဆန်ခြင်း၊ သယ်ယူပို့ဆောင်စရိတ်များ လျှော့ချပေးနိုင်ခြင်း၊ ပြည်တွင်းဈေးကွက်တွင်း ယှဉ်ပြိုင်နိုင်စွမ်းအားကောင်းလာခြင်း၊ ဆန်အရည်အသွေးပိုင်းဆိုင်ရာ ပိုမိုခွဲခြားလာနိုင်ခြင်း၊ ရောင်းချမည့် တောင်သူများနှင့် ဝယ်ယူစားသုံးသူများကြား အထူးသဖြင့် အသင်းအဖွဲ့ဖြင့် ဝယ်ယူမည့်သူများကြား အလွယ်တကူချိတ်ဆက်နိုင်မည့် နည်းလမ်းတစ်ခုဖြစ်လာပါကြောင်း လေ့လာတင်ပြအပ်ပါသည်။

**Source:** https://business.inquirer.net/444133/e-market-for-rice-trade-in-the-works

**(ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)**

## STOCK EXCHANGE (6.2.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Feb. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,092 (Shares) | 13,699,300 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,700 | 8,700 | 8,600 | 939 | 8,076,500 | 33,109,694 | 284,743 |
| MTSH | 00002 | 2,900 | -50 | -1.69% | 2,900 | 2,900 | 2,850 | 1,526 | 4,375,400 | 38,929,150 | 112,895 |
| MCB | 00003 | 7,900 | -100 | -1.25% | 7,900 | 7,900 | 7,900 | 10 | 79,000 | 10,400,986 | 82,168 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,550 | 17 | 26,350 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +100 | +4.17% | 2,500 | 2,500 | 2,500 | 10 | 25,000 | 12,823,224 | 32,058 |
| EFR | 00006 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,900 | 13 | 24,700 | 19,977,223 | 37,957 |
| AMATA | 00007 | 4,700 | -100 | -2.08% | 4,700 | 4,700 | 4,700 | 28 | 131,600 | 10,497,598 | 49,339 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 549 | 960,750 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 5th Feb. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 364.12 | -1.46 | -0.40% | 364.12 | 365.88 | 363.09 | 3,092 | 13,699,300 | 8 | 686,799 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 5th Feb. 2024

| Trading Volume | Trading Value |
|---|---|
| 3,092 (Shares) | 13,699,300 (MMK) |

## Main Board

As of 1:00 pm, 5th Feb. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,092 (Shares) | 13,699,300 (MMK) |

| MYANPIX | 364.12<br>▼ 1.46 |
|---|---|
| Total Volume (shares) | 3,092 |
| Total Value (MMK) | 14 mil |
| Listed Company | 8 |
| Market Cap. (MMK) | 686,799 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 2,900 | ▼ 50 |
| MCB | 00003 | 7,900 | ▼ 100 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 100 |
| EFR | 00006 | 1,900 | ▲ 0 |
| AMATA | 00007 | 4,700 | ▼ 100 |
| MAEX | 00008 | 1,750 | ▲ 0 |

TIR